# လျှပ်စစ်စွမ်းအင်အသုံးပြုသည့် ယာဉ်အမျိုးမျိုး မှတ်ပုံတင်ဆောင်ရွက်ခြင်းကိစ္စ

၁။ ပြည်ပမှ တင်သွင်းလာသည့် မော်တော်ယာဉ်များနှင့် ပြည်တွင်းတွင် SKD, CKD စနစ်တို့ဖြင့် ထုတ်လုပ်သည့် မော်တော်ယာဉ်များတွင် လျှပ်စစ်စွမ်းအင်အသုံးပြုသည့် ယာဉ်အမျိုးမျိုးလည်း ပါဝင်နေသည်ကိုတွေ့ရှိရပြီး အဆိုပါလျှပ်စစ်စွမ်းအင်သုံးယာဉ်အမျိုးမျိုးနှင့်ပတ်သက်၍ မှတ်ပုံတင်ခြင်းဆောင်ရွက်ရာတွင် အခြားနိုင်ငံများနည်းတူ ကန့်သတ်ချက်များ ထုတ်ပြန်ရန် လိုအပ်လာပါသည်။

၂။ သို့ဖြစ်ပါ၍ ပြည်ပမှတင်သွင်းလာသည့် လျှပ်စစ်စွမ်းအင်သုံးယာဉ်များနှင့် ပြည်တွင်းတွင် SKD, CKD စနစ်တို့ဖြင့် ထုတ်လုပ်သည့် လျှပ်စစ်စွမ်းအင်သုံးယာဉ်များအားလုံး ကနဦးနှင့်နှစ်လဲမှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါကန့်သတ်ချက်များအတိုင်း သတ်မှတ်၍ မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်-

(က) လျှပ်စစ်စွမ်းအင်အသုံးပြုသည့်ယာဉ်များအား မူလစက်ရုံထုတ် လျှပ်စစ်စွမ်းအင်စနစ်မှ အခြားလောင်စာဆီသုံးအင်ဂျင် (သမားရိုးကျအင်ဂျင်)တစ်မျိုးမျိုးသို့ ပြောင်းလဲတပ်ဆင်ထားခြင်းကို လုံးဝ (လုံးဝ) ခွင့်မပြုရန်။

(ခ) လျှပ်စစ်စွမ်းအင်အသုံးပြုသည့် ယာဉ်များ၏ မူလစက်ရုံထုတ် လျှပ်စစ်စွမ်းအင် အသုံးပြုသည့်စနစ် ပျက်စီးသွားပါက မူလအသုံးပြုသည့် စွမ်းဆောင်ရည် တူညီသော Motor Power, Controller နှင့် Battery (Power & Nos) များအတိုင်းသာ ပြောင်းလဲ တပ်ဆင်ခွင့်ပြုရန်။